ထန်းပင်ချောင်ကျေးရွာ

ကလေးဝမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းပင်ချောင်ကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဧပြီလ

# မာတိကာ


မာတိကာ

စကားချီး

ထန်းပင်ချောင်ကျေးရွာ အရင်းအမြစ်ပြဓြေပုံ၊ ကလေးဝမြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

**၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး



**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

**၈။ ဦးစားပေးစီမံချက်များ**

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၇) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

၂

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု
ဇယား (၃၈) အိမ်သာ အမျိုးအစား
ဇယား (၃၉) ကျား-မ ရေးရာ

ဇယား (၄၀)　ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား (၄၁)　ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား (၄၂)　ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃)　သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄)　လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅)　ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၆)　**ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**
**ဇယား (၄၇)　ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**



**ဇယား (၄၈)　မှုခင်းဖြစ်ပွားမှုအခြေအနေ**

**နောက်ဆက်တွဲ (၂)　ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်( ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ထန်းပင်ချောင်ကျေးရွာ ကျေးရွာသူ/သားများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊



ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၈ရက်နဝါရီလ ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထန်းပင်ချောင်ကျေးရွာ၊ ကလေးဝမြို့နယ်

၆

ထန်းပင်ချောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်

ရည်ညွှန်း။ ထန်းပင်ချောင်ကျေးရွာ၊ ခေါင်းတီးအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း ရေးဆွဲ ခြင်းမှ ရယူသည်။

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါ သည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့

များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ် သည်။

၈

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြု လာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ် တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။



## ၂။ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၇)မိုင်ခန့်ကွာဝေးပြီး ရေကြောင်းလမ်းဖြင့်သာ သွားလာနိုင်ပါသည်။ ကျေးရွာသည် ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ရေကြောင်းလမ်းသာ အသုံးပြုနိုင်ကြပါသည်။ လယ်ယာမြေများသည် ကျေးရွာ၏ အနောက်ဘက်နှင့် တောင်ဘက်တွင် တည်ရှိပြီး စပါး၊ မြေပဲ၊ နေကြာနှင့် နှမ်းတို့ စိုက်ပျိုးရန်ဖြစ်ပါသည်။ ဒေသ၏ ပျမ်းမျှ အပူချိန် (၃၀') ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဲနှင့်ကျောက်စရစ်များ ပေါများစွာရရှိနိုင်ပြီး လွယ်ကူစွာ အသုံးပြုနိုင်ကြပါသည်။ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေအသုံးပြုရာတွင် မိုးရေကိုသာ အဓိကထားအသုံးပြုကြပြီး မိုးရေ နှင့် မလုံလောက်သောအချိန်တွင် မြစ်ရေတင်၍ အသုံးပြုကြပါသည်။ ကျေးရွာတွင် တွေ့ရသော ဆေး ဘက်ဝင်အပင်များမှာ သာမန်တွေ့ရသောအပင်များသာရှိပြီး သဘာဝတွင်းထွက်သယံဇာတများ မထွက် ရှိပါ။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၁)အိမ်ထောင်စုရှိပြီး လူဦးရေပေါင်း (၄၃၁)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ လူဦးရေ(၅)ဦးနှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဖြစ်ပြီး ဝင်ငွေအနေအထား အသင့်အတင့်သာ ရှိပါသည်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနည်းပြီး ကျွဲနွှဲ နွားများကိုသာ အဓိက အသုံးပြုကြပါသည်။ ရွှေမျောလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေအနေအထားကောင်းမွန်မှုရှိသောကြောင့် အခြားဒေသသို့ သွားရောက်ကြပြီး အလုပ်လုပ်နေသော အိမ်ထောင်စုများရှိပါသည်။



**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု**

ကျေးရွာတွင် မြေယာအနည်းငယ်ပိုင်ဆိုင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့အိမ်ထောင် စုများရှိသော်လည်း ဝမ်းစာဖူလုံမှုရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများမှာ ကျပန်းအလုပ်များ လုပ်ကိုင်မှု ရှိကြပါသည်။ အဆင်မပြေသော အိမ်ထောင်စုများသည် ငွေချေးခြင်းနှင့် လုပ်အားခကြိုယူခြင်းများ ပြုလုပ် ၍ ဝမ်းစာဖူလုံမှုရရှိကြပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း တွင် နေ့စားဝင်ရောက်လုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်းခင်းလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော၊ ထိခိုက်လွယ်သော မိသားစုများမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ပြီး ကလေးဝမြို့နယ်ဆေးရုံသို့လည်း သွားရောက်ရန် နီးပါသည်။ ကလေးဝမြို့၏ ဆေးရုံ၊ ဆေးဆိုင်များသို့လည်း အလွယ်တကူသွားရောက်နိုင် ပါသည်။ ကျေးရွာရှိ ရွာသူ/ရွာသားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြ ပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာတွင် ပညာသင်ယူရန် စာသင်ကျောင်းမရှိဘဲ ရွာနှင့် (၂)ဖာလုံခန့်ကွာဝေးသော ခေါင်းတီးကျေးရွာရှိ စာသင်ကျောင်းသို့ သွားရောက်၍ ပညာသင်ယူကြရပါသည်။ အထက်တန်းပညာ သင် ယူရန် ကလေးဝမြို့သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ကျေးရွာတွင် ဘွဲ့ရနှင့် အထက်တန်းအဆင့်

ရှိ လူဦးရေအနည်းငယ်နှင့် မူလတန်းနှင့် အလယ်တန်းအဆင့်ရှိ လူဦးရေများပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကျွမ်းကျင်မှုရှိပြီး အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်မှု နိမ့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင်ရှိသော အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများပြီး အလုပ်အကိုင် အခွင့်အလမ်း ပိုများကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျား – မ တန်းတူ ဝိုင်းဝန်းလုပ်ကိုင်ကြပါသည်။



**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် အစိုးရမဟုတ်သော MCC ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့အစည်းမှလည်း ရွာသူ/ရွာသားများ၏ ကျန်းမာရေးအတွက် အခမဲ့ စောင့်ရှောက်မှုများနှင့် ကူးစက်ရောဂါကာကွယ်စေရန် ဆေးရုံ၊ ဆေးခန်းများနှင့် ချိတ်ဆက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေသော အဖွဲ့အစည်း(၇)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ သာရေး၊ နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးအဖွဲ့နှင့် လူမှုရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ကြပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ မြေပဲ၊ နေကြာနှင့်နှမ်းတို့ကို အဓိကစိုက်ပျိုးကြပြီး စိုက်ဧက(၂၁၄)ဧက ရှိပါသည်။ စပါးတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း(၂၀)တင်း၊ မြေပဲတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း(၂၀)တင်း၊ နေကြာတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း(၁၀)တင်း ထွက်ရှိကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း ပြုလုပ်ရန် ကျွဲ၊ နွားများကို အဓိကအသုံးပြုကြပါသည်။ ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု (၃၀)ရှိပြီး (၆၇)ကောင် မွေးမြူထားရှိပါသည်။ အိမ်ထောင်စု(၁၇)စုမှာလည်း ဘဲ

ကောင်ရေ(၈၀)ခန့် မွေးမြူထားရှိနေကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ချင်းတွင်းမြစ်မှ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု(၅)ဦးလည်းရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သော အရောင်းအဝယ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်းနှင့် အစိုးရဝန်ထမ်း အလုပ်များ လုပ်ကိုင်ကြပါသည်။ ပန်းရံ၊ လက်သမားလုပ်ငန်းများ၏ လုပ်အားခ တစ်နေ့လျှင် (၇၀၀၀) ကျပ်မှ (၅၀၀၀)ကျပ်အထိ ရရှိနိုင်ကြပါသည်။ ကျေးရွာတွင် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာ၏ မြေဆီမြေဩဇာ အခြေအနေကောင်းမွန်မှုမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်တကျရှိပါသည်။ မိုးတွင်းကာလ၌ ကျေးရွာတွင်းသို့ ချင်းတွင်းမြစ်ရေများ တစ်ခါတစ်ရံဝင်ရောက်တတ်ပြီး ကမ်းပါးပြိုခြင်းများ ကြုံတွေ့ရတတ်ပါသည်။



**(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေ ရရှိကြပါသည်။ မွေးမြူရေးအတွက် ထုတ်ချေးနိုင်ရန် ချေးငွေများ ရရှိနိုင်မှုမရှိပါ။ ရွာသားအများစုသည် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သော အကြောင်းများ ကြုံတွေ့လာပါက ဆွေမျိုးများနှင့် မိတ်ဆွေများထံမှ ရရှိနိုင်ကြပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျောင်းသား/သူများကျေးရွာတွင်သာပညာသင်ယူနိုင်သောအခွင့်အရေးလိုအပ်ပါသည်။ ကျေးရွာတွင်စာသင်ကျောင်းမရှိသောကြောင့် ကလေးငယ်များသည်(၂)ဖာလုံခန့်ဝေးသောခေါင်တီးကျေးရွာသို့ သွားရောက်ပညာသင်ယူမှုများရှိ၍ စာသင်ကျောင်းဆောက်လုပ်ရန်လည်းလိုအပ်နေကြပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အရေပေါ်အခြေအနေရှိလာလျှင်လွယ်ကူစေရန်ကျေးလက်ဆေးပေးခန်းလည်း လိုလားနေကြပါသည်။ကျေးရွာတွင်သောက်သုံးရေအတွက် လွှတ်တော် သိန်း (၁၀၀၀)ရန်ပုံငွေဖြင့် တွင်းနက်(၁)တွင်း ကျေးလက်ဦးစီးဌာနမှ (၁)တွင်းစုစုပေါင်း (၂)တွင်းမှလုံလောက်စွာအသုံးပြုနိုင်ကြပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာမှ လူငယ်များသည် သာရေး၊ နာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များဗဟုသုတလေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက်ရှိပြီး အလွယ်တကူဝင်ရောက် ဖတ်ရှုလေ့လာနိုင်ပါသည်။

**(ဇ) အခြေခံအဆောက်အဦး – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလ သွားလာရကောင်းမွန်မှုမရှိပါ။ ကျေးရွာတွင်းတွင် အလျား၊ အနံ(၁၂၀'×၈'×၁၈')ရှိသော သစ်သားတံတား(၁)စင်းအား လွှတ်တော် သိန်း (၁၀၀၀)ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး သွားလာရအဆင်ပြေလွယ်ကူခဲ့ပါသည်။ ကျေးရွာသို့သွားလာရန် ရေလမ်းခရီးတစ်မျိုးထဲသာ အသုံးပြုနိုင်ပါသည်။ကျေးရွာတွင် လျှပ်စစ်မီးလင်းနိုင်ရန် အခက်အခဲရှိနေပါသည်။ ကျေးရွာတွင်ရရှိနိုင်သောလျှပ်စစ်မီးသည် ပုံမှန်ရရှိနိုင်မှုမရှိပါ။ အလှူရှင်ရှိမှသာလျှင် မီးလင်းနိုင်ပြီး ဆိုလာမီးအသုံးပြုရသူများသာ အဆင်ပြေနိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် Telenor, Ooredoo ဖုန်းလိုင်းများအသုံးပြုနိုင်ပြီး အင်တာနက်လိုင်းများလည်း ကောင်းမွန်စွာချိတ်ဆက်အသုံးပြုနိုင်ကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု မရှိဘဲ ဘေးအန္တရာယ်ကင်းဝေးပါသည်။



**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုနိုင်မှုကောင်းမွန်ပါသည်။ လယ်ယာမြေဇက(၂၅၈)ကော စပါး၊ မြေပဲ၊ နေကြာနှင့်နှမ်းတို့စိုက်ကြပါသည်။ ကျေးရွာသည် ကလေးဝမြို့နှင့်နီး၍ လယ်ယာထွက်ကုန်များအလွယ်တကူရောင်းချနိုင်ပါသည်။ ကျေးရွာ၏ရေသုံးစွဲမှုတွင်လည်း လွှတ်တော်သိန်း(၁၀၀၀)နှင့်ကျေးလက်ဦးစီးဌာနမှ တူးဖော်ပေးထားသော ရေတွင်း(၂)တွင်းမှလွယ်ကူစွာ

အသုံးပြုနိုင်ကြပြီး ရေရှိမှုအဆင်ပြေခဲ့ပါသည်။ ကျေးရွာတွင်ရှိသောလူဦးရေသည် အလုပ်လုပ်နိုင်သည့် အရွယ်အများဆုံးရှိသည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာတွင်ရှိသောကလေးငယ်များသည် မိမိနေထိုင်သည့်ကျေးရွာနှင့် (၂)ဖာလုံခန့်ဝေးသော ခေါင်းတီးကျေးရွာသို့ သွားရောက်ပညာသင်ယူကြရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသဖြင့် အရေးပေါ်အခြေအနေများရှိလာပါက ခေါင်းတီးဆေးခန်းနှင့် ကလေးဝမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ လျှပ်စစ်မီးရရှိမှုတွင်လည်း အလှူရှင်ရှိမှသာလျှင် မီးလင်းနိုင်သည့်အခြေအနေဖြစ်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လွယ်ကူစွာသွားလာနိုင်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရမည်။

(၂) ကျန်းမာရေးဗဟုသုတပြည့်ဝလာ၍ ကျန်းမာရေးအဆင့်အတန်း မြင့်တက်လာစေရမည်။

(၃) ကျေးရွာတွင်း ခန်းမဆောင် ဆောက်လုပ်ခြင်းဖြင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရမည်။



**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

(၁) ကျေးရွာမှ ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ ကျေးရွာတွင်းလမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

(၂) မြို့နယ်ကျန်းမာရေးဌာနသို့ တင်ပြ၍ ကျေးလက်ဆေးပေးခန်းရရှိအောင် ဆောင်ရွက်သွားမည်။

(၃) ကျေးရွာတွင်း ငွေကြေး၊ လူအင်အားပါဝင်စုစည်း၍ ကျေးရွာခန်းမဆောင် ဆောက်လုပ်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## ၈။ ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အအုံ | ကျေးရွာတွင်းလမ်း ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၇၀ | ၁ | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ကျေးလက်ဦးစီး |
| ကျေးရွာအဆောက်အအုံ | ကျေးရွာတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်ခြင်း | ၅၆ | ၂ | ခန်းမဆောင် ဆောက်လုပ်ခြင်း | - |
| လျှပ်စစ် | ပုံမှန် လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ခြင်း | ၄၂ | ၃ | လျှပ်စစ်မီးရရှိရန် | - |
| ကျေးရွာအဆောက်အအုံ | မြေထိန်းနံရံတည်ဆောက်ခြင်း | ၃၅ | ၄ | မြေထိန်းနံရံတည်ဆောက်ခြင်း | - |
| ကျန်းမာရေး | ကျန်းမာရေးဗဟုသုတရရှိရန် ဆောင်ရွက်ခြင်း | ၃၂ | ၅ | ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း | - |

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ**

**ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၇ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၂၁ | ၃၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၁၄ | ၂၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၂၄ | ၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၈ | ၁၃၅ | ၂၈၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၁၀ | ၂၅ |
| **စုစုပေါင်း** | | **၂၂၀** | **၂၁၁** | **၄၃၁** |
| **စုစုပေါင်း အိမ်ထောင်စု – ၈၁** | | **ပျမ်းမျှလူဦးရေ –** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေ စုစုပေါင်း(၄၃၁)ဦးရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးရှိပါသည်။**

**ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။ |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၁ | | | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |



| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦး)ရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။ |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၈ | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓါတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ – လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| ၁၂ | **ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |



| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦး)ရေ | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။ |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | အလုပ်သမား/ ကျပန်း/ | ၅ | | | |

| | | | | | |
|---|---|---|---|---|---|
| | ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | **၈၁** | | | ☒ |

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။



**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး အထက်ပိုင်းသို့သွားရောက်၍ ရွှေမျောလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုများလည်း ရှိကြပါသည်။

**ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း | နေ့စား | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ပေးသူ စသည် | | | | | |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါးရိတ်သိမ်းချိန်၌သာ နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြပြီး ကျား - မ လုပ်အားခနှုန်းထားများ (၅၀၀၀/-)မှ (၄၀၀၀/-)ကျပ်အထိ ရရှိကြပါသည်။

၂၀

**ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၃၇ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၇၇ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၄၂ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စုစုပေါင်း | ၂၅၈ | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု (၂၅၈)ဧကာ ရှိပါသည်။**

**ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐နည်း ☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☑ သင့်☐နည်း ☐မရှိ ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ☐သင့်☐နည်း ☑ မရှိ☐ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐သင့်☐နည်း ☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဲ၊ ကျောက်စရစ်များရရှိနိုင်ပြီး အလွယ်တကူအသုံးပြုနိုင်ပါသည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသောအပင်များသာ ရှိပါသည်။

၂၁

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၇ ဧကထိ | ၅ ဧကထိ | ၂ ဧကထိ | လယ်ပိုင်မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊ သွပ်မိုး | ပျဉ်ထောင်သွပ်မိုး | ကပ်ကာသွပ်မိုး | ကပ်ကာသွပ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | TV ၊ စက်လှေ၊ ဆိုင်ကယ် | TV ၊ စက်လှေ၊ ဆိုင်ကယ်၊ နွား၊ ကျွဲ | လှေ၊ ဝက်၊ စက်ဘီး | ကြက်၊ ဝက်၊ စက်ဘီး |
| အဓိကစီးပွားရေးလုပ်ငန်း | တောင်သူ၊ ရွှေမျောရောင်းဝယ်ရေး | အပ်ချုပ်၊ ဝန်ထမ်း၊ တောင်သူ | တောင်သူ၊ ဈေးဆိုင် | ကျပန်း |
| အိမ်ထောင်စု | ၂၁ | ၂၅ | ၂၉ | ၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင်

စီးပွားရေးအဆင်ပြေမှု အသင့်အတင့်သာရှိပါသည်။

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လ အောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = <br> လုပ်အားခကြိုယူ = |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = <br> လုပ်အားခကြိုယူ = |

၂၂

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆လမှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၉ | အခြားအစာပြောင်းလဲစား = <br> အစာလျှော့စား = <br> အထောက်အပံ့ယူ = <br> ချေးယူ = <br> လုပ်အားခကြိုယူ = |

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အဆင်မပြေသောအိမ်ထောင်စုများသည် လုပ်အားခကြိုယူခြင်းနှင့် ဆွေမျိုးမိတ်ဆွေများထံမှ ငွေချေးငှားခြင်း နေထိုင်စားသောက်ကြပါသည်။

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြစ်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

၂၃

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| | | |
|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း မြစ်ရေဝင်ရောက်မှုအား ကြုံတွေ့ရတတ်ပြီး မြစ်ကမ်းပါးပြို ခြင်းများလည်း ရှိပါသည်။

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |



| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| | | |
|---|---|---|
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြစ်ကမ်းဘေးနေထိုင်သူများမှလွဲ၍ ထိခိုက်သက်ရောက်ခံရနိုင်မှုနည်းပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အမျိုးသမီး အဖွဲ့ | ၁☐ ၂ ✔ ၃☐ | - | ၇ | ၇ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

၂၅

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | မီးသတ် အဖွဲ့ | ၁☐ ၂ ✔ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐ | ကောင်း☐<br>သင့် ✔ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ညံ့ ☐ |
| ၄ | မီးလင်းရေး ကော်မတီ အဖွဲ့ | ၁☐ ၂✔ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၅ | ရေ ကော်မတီ အဖွဲ့ | ၁☐ ၂✔ ၃☐ | ၇ | - | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၆ | လူမှုရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | ၉ | - | ၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |
| ၇ | ဓမ္မစကူးလ် အဖွဲ့ | ၁☐ ၂☐ ၃ ✔ | ၁ | ၄ | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ✔<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိအဖွဲ့အစည်းများသည် သာရေး၊ နာရေး လူမှုဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။



ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) |
|---|---|---|---|
| ၁ | MCC ၄င်္ဂျားတိုက်ဖျက်ရေးအဖွဲ့ | ၁☐ ၂ ✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၆ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the

Children, Gret, Pace Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း



(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် MCC ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့အစည်းမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀ | ဆင်းရဲသားတောင်သူ |
